527	266 RKF 40-16	Each	1	350	350
528	266 RKF 40-22	Each	1	350	350
529	266 RKF 40-27	Each	1	350	350
530	570 2C 368 - 40	Each	1	350	350
531	570 DCLNR 40 16L	Each	1	350	350
532	570 DCLNR 80 16	Each	1	350	350
533	570 SVPBR 40 16L	Each	1	350	350
534	A2BNSN22 M06	Each	1	350	350
535	A40T SVPBR 16	Each	1	350	350
536	AC 32-3 and 4	Each	1	350	350
537	AL 32-3 LH	Each	1	350	350
538	AVR 40-4 and 5	Each	1	510	510
539	AVR 50-4 and 5	Each	1	510	510
540	AVR 50-5 OIL	Each	1	540	540
541	CRDNN 3225P 12-ID	Each	1	350	350
542	DVDNL 2525M 16	Each	1	350	350
543	DVPL 2525M 16	Each	1	350	350
544	DVPNR 2525M 16	Each	1	350	350
545	DVPNR 3232P 16	Each	1	350	350
546	NT40 FMA25.4 W5/8	Each	1	350	350
547	NT40 FMA38.1 W5/8	Each	1	350	350
548	OX 2002 and 2005	Each	1	350	350
549	PCLNL 3232P 19	Each	1	350	350
550	PCLNR 3232P 16 and 19	Each	1	350	350
	Total				21,715

PIONEER ASIA MYANMAR ENGINEERING LIMITED

List of Raw Materials to be Imported per Annum

Sr. No.	Raw Material	UOM	Qty	Price US$	Total US$
551	PDJNL 3225 P15	Each	1	350	350
552	PSBNR 3232P 15	Each	1	350	350
553	PSPWR 3225P 15	Each	1	350	350
554	PVLNE 3232P 19	Each	1	350	350
555	R571.35C 40 3227 15	Each	1	350	350
556	RA390 016016L 11L	Each	1	350	350
557	RA390 019019L 11L	Each	1	350	350
558	RA390 025025L 17L	Each	1	350	350
559	RA390 032032L 17L	Each	1	350	350
560	BT OX2008	Each	1	350	350
561	AL32-5 RH EXT	Each	1	350	350
562	AVR 32-5 INT	Each	1	350	350
563	A40T-SVQBR 16	Each	1	350	350
564	266RKF 25-22	Each	1	350	350
565	A25T-PCLNR 12	Each	1	350	350
566	S50W - PCLNR 16	Each	1	350	350
567	A40T-PCLNR 12	Each	1	65	65
568	Anti - Vibration Bar -570-DCKNR-40-12-L	Each	1	1,500	1,500
569	Calliper 12" - ID with Spring	Each	2	50	100
570	Calliper 12" - ID/OD	Each	2	50	100
571	Calliper 12" -OD with Spring	Each	2	50	100
572	Calliper 18" - ID with Spring	Each	2	50	100
573	Calliper 18" - ID/OD	Each	2	50	100
574	Calliper 18" - OD with Spring	Each	2	50	100
575	A40T CGGL06	Each	1	350	350
576	CFIL 3225P06	Each	1	350	350
577	CER2525M27 QHD	Each	1	350	350
578	CNR0040T27	Each	1	350	350
579	151.32-40T-50	Each	1	350	350
580	570-3C 50 668-40	Each	1	350	350
581	TR-SL-V13JBR-40HP-X	Each	1	350	350
582	A40T -PCLNR-12	Each	1	350	350
583	DDJNR 3232P 15	Each	1	350	350
584	NVVC N2525 M16	Each	1	350	350
585	DVPNL-3232P 16	Each	1	350	350
586	PRGCR-3232P 20	Each	1	350	350
587	PRGNR-3232P 19	Each	1	350	350
588	PRDCN-3232P 20	Each	1	350	350
589	A32T - PCLNR 12	Each	1	350	350
590	A50U-PCLNR 16	Each	1	350	350
591	#1-64 UNC	Each	5	12	60
592	#2-56 UNC	Each	5	15	75
593	#4-40 UNC	Each	5	16	80
594	#5-40 UNC	Each	5	18	90
595	#6-32 UNC	Each	5	10	50
596	#10-24 UNC	Each	5	14	70
597	#12-24 UNC	Each	5	12	60
598	#0-80 UNF	Each	5	12	60
599	#1-72 UNF	Each	5	15	75
600	#2-64 UNF	Each	5	16	80
	Total				14,065

Annexure (E)
Sheet (13)

PIONEER ASIA MYANMAR ENGINEERING LIMITED

List of Raw Materials to be Imported per Annum

Sr. No.	Raw Material	UOM	Qty	Price US$	Total US$
601	S32U PDUNR 15	Each	1	350	350
602	S32E PDUNR 15F	Each	1	350	350
603	S32U PDUNR 15	Each	1	350	350
604	S32T PDUNR 15F3	Each	1	365	365
605	S40V PCLNR 12	Each	1	350	350
606	S50W PCLNR 19	Each	1	350	350
607	S50W PDUNR 15	Each	1	395	395
608	SVJBR 2525M 16	Each	1	350	350
609	SVV BN1616K 11 5BT	Each	1	350	350
610	TR V13JBR 2525M	Each	1	350	350
611	NVOCL 2525M 16	Each	1	380	380
612	A50UNVOR 16-N18	Each	1	350	350
	Total				4,290
	Grand Total				447,949

ကုမ္ပဏီအမည်	-	Pioneer Asia Myanmar Engineering Limited
အဖွဲ့အစည်းပုံသဏ္ဌာန်	-	ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	-	ရေနံတွင်းတူးပိုက်နှင့် ဆက်စပ်ပစ္စည်းများပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်း
တည်နေရာ (စက်ရုံ)	-	မြေကွက်အမှတ်(၇၇)၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	US$ ၈.၆ သန်း
ဝန်ဆောင်မှုပေးမည့်စနစ်	-	ပြည်တွင်းဝန်ဆောင်မှု ၉၀% နှင့် ပြည်ပဝန်ဆောင်မှု ၁၀%
လုပ်ငန်းသက်တမ်း	-	ကနဦး ၁၂ နှစ် နှင့် နောက်ထပ် ၅ နှစ် ၂ ကြိမ်
အရင်းကြေကာလ	-	၅ နှစ် ၃လ
IRR	-	၂၀%

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစု တင်ပြအပ်ပါသည် -

စဥ်	အကြောင်းအရာ	Cost	Benefit
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	ကျပ် ၁.၆၈ သန်း (တစ်နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	ကျပ် ၁.၂ သန်း
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	ကျပ် ၁၉၆.၈၀ သန်း	
၄	ဝင်ငွေခွန်	ကျပ် ၁,၇၅၄.၃၀ သန်း	ကျပ် ၆,၇၈၁.၆၂၀ သန်း
၅	ကုန်သွယ်လုပ်ငန်းခွန်		ကျပ် ၂,၂၅၀.၀၀၀ သန်း
၆	လောင်စာဆီ		ကျပ် ၁၅၀.၉၇၃ သန်း
၇	လျှပ်စစ်မီးသုံးစွဲခ		ကျပ် ၂၇၆.၇၆၉ သန်း
၈	လုပ်ခလစာအပေါ်ဝင်ငွေခွန်		တစ်နှစ်ဝင်ငွေကျပ် သိန်း (၂၀) ကျော်ပါက အခွန်ပေးရမည့်ဝန်ထမ်း (၃၉) ဦး
၉	CSR (၂ %)		ကျပ် ၈၇၃ သန်း
၁၀	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ၃၉ ဦး ပြည်ပ ၁၄ ဦး ပြည်တွင်းလုပ်သား (၃၉) ဦး အလုပ်အကိုင်ရရှိမည်ဖြစ်၍ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုစေပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိစေပြီးဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အထောက်အကူပြုစေနိုင်ပါသည်။
	စုစုပေါင်း	ကျပ် ၁,၉၅၂.၇၈ သန်း	ကျပ် ၁၀,၃၃၃.၅၆၃ သန်း
		၁း၅	

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက- ၅(အ)/၀၀၂/၂၀၁၅(၃၇)

ရက်စွဲ၊ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြမည့် အမှာစာ

အကြောင်းအရာ။ Pioneer Asia Myanmar Engineering Limited. မှ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ရေနံတွင်းတူးပိုက်နှင့် ဆက်စပ်ပစ္စည်းများ ပြုပြင်ခြင်း ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြု တင်ပြ လာခြင်း ကိစ္စ

၁။ British Virgin Islands မှ Pioneer Asia International Limited သည် ၉၀% နှင့် မြန်မာနိုင်ငံသား ဦးအောင်မြင့် မှ ၁၀% ထည့်ဝင်ကာ မြန်မာနိုင်ငံတွင် ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Pioneer Asia Myanmar Engineering Limited တည်ထောင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်၊ မြေကွက်အမှတ် (၇၇) ရှိ ၂.၁၃ ဧက (၈,၆၁၉.၈၁ စတုရန်းမီတာ)တွင် ရေနံတွင်းတူးပိုက်နှင့် ဆက်စပ်ပစ္စည်းများ ပြုပြင်ခြင်း ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုလွှာ တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ မြေပိုင်ရှင် ဦးအန်းကူ (ခ) သူအိမ်မိုး နှင့် မြေငှားရမ်းသူ Pioneer Asia Myanmar Engineering Limited (ဖက်စပ်ကုမ္ပဏီ)တို့ ချုပ်ဆိုမည့် မြေငှားရမ်းခြင်း စာချုပ်(မူကြမ်း)၊ Pioneer Asia International Limited နှင့် မြန်မာနိုင်ငံသား ဦးအောင်မြင့် တို့ချုပ်ဆိုမည့် ဖက်စပ်စာချုပ်(မူကြမ်း)၊ Pioneer Asia Myanmar Engineering Limited နှင့် Pioneer Asia International Limited တို့အကြား ချုပ်ဆိုမည့် ချေးငွေစာချုပ် (မူကြမ်း)၊ လုပ်ငန်းတည်နေရာပြ မြေပုံများနှင့် မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် Pioneer Asia Myanmar Engineering Limited ၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း (မူကြမ်း) တို့ကို ပူးတွဲတင်ပြ ထားပါသည်။

၃။ လုပ်ငန်းဆောင်ရွက်မည့် မြေဧရိယာမှ ၂.၁၃ ဧက (၈,၆၁၉.၈၁ စတုရန်းမီတာ) ဖြစ်ပါသည်။ နှစ်စဉ်မြေငှားရမ်းခမှာ ပထမနှစ်မှ တတိယနှစ်အထိ တစ်နှစ် ငှားရမ်းခမှာ US$ ၆၀,၀၀၀ ဖြင့် တစ်နှစ် တစ်စတုရန်းမီတာလျှင် ၆.၉၆ နှုန်းဖြစ်ပြီး၊ စတုတ္ထနှစ်မှ ဆဋ္ဌမနှစ် အထိ သုံးနှစ်အား မူလငှားရမ်းခ၏ ၁၀% တိုးမြှင့်မည်ဖြစ်ပြီး ၊ သတ္တမနှစ်မှစ၍ နောက်ပိုင်းနှစ်များတွင် မူလငှားရမ်းခ၏ ၂၀% တိုးမြှင့်မည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။ မြေငှားရမ်းကာလမှာ ကနဦး ၁၂ နှစ် နှင့် ၅ နှစ် ၂ကြိမ် သက်တမ်းတိုး ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ လုပ်ငန်းစီမံကိန်းကာလမှာ ကနဦး ၁၂ နှစ်နှင့် ၅ နှစ်၂ ကြိမ် သက်တမ်းတိုး ဆောင်ရွက်မည် ဖြစ်ပြီး တည်ဆောက်ရေးကာလမှာ တစ်နှစ်ကြာမြင့်မည် ဖြစ်ပါသည်။ ကော်မရှင်ခွင့်ပြုမိန့် ရရှိပြီး ၆လ အတွင်း လုပ်ငန်းစတင်ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၅။ အဆိုပြုလုပ်ငန်း၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ US$ ၈.၆ သန်း ဖြစ်ပါသည်။ ၄င်းတွင် ချေးငွေ US$ ၂.၂ သန်း ပါဝင်ပြီး ချေးငွေပမဏာသည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၅ % ဖြစ်ပါသည်။ မိခင်ကုမ္ပဏီ Pioneer Asia International Limited မှ အတိုးနှုန်း ၂ % ဖြင့်ချေးယူမည် ဖြစ်၍ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ US$ ၈.၆ သန်း ဖြစ်ပြီး ထည့်ဝင်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

US$ (သန်း)

	နိုင်ငံခြား	ချေးငွေ	နိုင်ငံသား	စုစုပေါင်း
ငွေသား	၀.၈၂	၂.၂၀	၀.၇၉	၃.၈၁
စက်နှင့်စက်ပစ္စည်း (ပြည်ပမှသွင်း)	၃.၅၇			၃.၅၇
ကုန်ကြမ်း (ပြည်ပမှသွင်း)	၀.၄၅			၀.၄၅
အဆောက်အဦ	၀.၅၀			၀.၅၀
ပရိဘောဂ			၀.၀၇	၀.၀၇
Value of licence, intellectual property industrial design, trade mark	၀.၁၀			၀.၁၀
Value of Technical Know-how	၀.၁၀			၀.၁၀
စုစုပေါင်း	**၅.၅၄**	**၂.၂၀**	**၀.၈၆**	**၈.၆၀**

၆။ ချေးငွေပြန်ဆပ်မည့် အစီအစဉ်များမှာ ချေးငွေ၏ ၅၅ % ဖြစ်သော US$ ၁.၂ သန်းကို ၂၀၁၇ - ၂၀၁၈ ခုနှစ် မှ ၂၀၁၉-၂၀၂၀ ခုနှစ်အထိ သုံးနှစ်အတွင်း US$ ၄၀၀,၀၀၀နှုန်းဖြင့်လည်းကောင်း၊ ကျန် ၄၅ % ဖြစ်သော US$ ၁ သန်းကို ၂၀၂၀ -၂၀၂၁ ခုနှစ်မှ ၂၀၂၂ -၂၀၂၃ ခုနှစ်အထိ သုံးနှစ် အတွင်း US$ ၃၅၀,၀၀၀ နှုန်းဖြင့်လည်းကောင်း ၆နှစ်အတွင်း အကြေပေးဆပ်မည်ဖြစ်ကြောင်း ချေးငွေစာချုပ် (မူကြမ်း)နှင့်အတူ တင်ပြထားပါသည်။

၇။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း ၃၉ ဦးနှင့် ပြည်ပမှ ဝန်ထမ်း ၁၄ ဦး၊ စုစုပေါင်း ၅၃ ဦး ခန့်ထားမည် ဖြစ်ပါသည်။ ပြည်တွင်းမှ အနိမ့်ဆုံးဝန်ထမ်း၏ လစာမှာ ကျပ် ၁၃၀,၀၀၀ နှင့် အမြင့်ဆုံး လစာမှာ ကျပ် ၂,၀၀၀,၀၀၀ ဖြစ်ပြီး၊ ပြည်ပမှ အနိမ့်ဆုံး ဝန်ထမ်း၏ လစာမှာ US$ ၁,၅၀၀ နှင့် အမြင့်ဆုံး ဝန်ထမ်း၏ လစာမှာ US$ ၁၂,၀၀၀ ဖြစ်ပါသည်။

၈။ အဆိုပြုလုပ်ငန်း၏ ဝန်ဆောင်မှုအနေဖြင့် ပြည်တွင်း၌ ၉၀ % နှင့် ပြည်ပ ၁၀ % ဖြစ်ပါသည်။ ကုမ္ပဏီမှ ပုံမှန်နှစ် ၆ နှစ်မြောက် ဝန်ဆောင်မှု ပေးမည့် နှုန်းထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

အမျိုးအမည်	Accounting/ Units	ဝန်ဆောင်မှုပေးမည့် အရေအတွက် နှုန်းထားများ			
		ပြည်တွင်း (၉၀%)	US$/ Units	ပြည်ပ (၁၀%)	US$/ Units
Recut API Connection	Connection	၂,၂၅၀	၂၂၀	၂၅၀	၂၂၀
Recut Premium Connection	Connection	၁,၆၄၈	၄၇၆	၁၈၄	၄၇၆
Machine Repairs	Jobs	၉၂၂	၂၂၀	၁၀၃	၂၂၀
Break Out & Make up Connection	Each	၃၉၆	၅၈၅	၄၄	၅၈၅
Pressure Testing	Jobs	၄၀၅	၅၄၉	၄၃	၅၄၉
Hardbanding	Per inch	၆၆၀	၃၈၈	၇၄	၃၈၈
Welding Services at own Base	Jobs	၃၆၆	၂၂၀	-	-
Welding Services at Rig Site	Jobs	၁၄၆	၈၀၆	-	-
High Pressure Water Blasting	Joints	၅,၉၃၀	၁၇	၆၆၀	၁၇
Sand Blasting	Joints	၇၂၆	၁၉၈	၈၁	၁၉၈
Painting & Coating	Joints	၃၉၆	၁၈၄	၄၄	၁၈၄
Inspection of Drill Pipes	Joints	၅,၉၃၀	၈၁	၆၆၀	၈၁
Inspection of other Drilling Equipment	Each	၃,၂၉၅	၁၈၄	၃၆၆	၁၈၄
Inspection of Lifting Equipment	Each	၁,၆၄၈	၁၈၄	၁၈၄	၁၈၄
Load Testing	Each	၃၃၀	၂၉၃	၈၃	၂၉၃
Mobile Inspection Services	Jobs	၁၅၈	၁,၃၁၈	၁၉	၁,၃၁၈
Steel Fabrication Services	Jobs	၃၉၆	၂၂၀	၁၁၉	၂၂၀

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် ၆ နှစ်မြောက်တွင် ရရှိမည့် ကုမ္ပဏီ၏ ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ကျပ်(သန်း)

(က)	ဝင်ငွေ	၅,၀၀၅
(ခ)	အသုံးစရိတ်	၃,၀၁၈
(ဂ)	အသားတင်အမြတ်	၁,၉၈၇

၁၀။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ် ၆နှစ် မြောက်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် ကျပ် ၆၆၂ သန်း နှင့် ကုန်သွယ် လုပ်ငန်းခွန်၂၂၅ သန်း

ရရှိမည်ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ ၅ နှစ် ၃လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း IRR မှာ ၂၀ % ဖြစ်ပါသည်။

၁၁။ အဆိုပြုလုပ်ငန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက် ပြန်ကြားလာပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့** မှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိ မြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်း မရှိပါကြောင်း၊ အဆိုပြုလုပ်ငန်း လုပ်ကိုင်ပါက ပြည်တွင်းလုပ်သား (၃၉)ဦး အလုပ်အကိုင် ရရှိမည်ဖြစ်သောကြောင့် မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်ပါကြောင်း၊ အဆိုပြုလုပ်ငန်း လုပ်ကိုင်ရာတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ စက်မှုဇုန်၊ မြေကွက်အမှတ် (၇၇) ရှိမြေ ၈,၆၁၉.၈၁၂ စတုရန်းမီတာ (၂.၁၃ ဧက)အား US$ 6.96 sqm နှုန်း ဖြင့် ၁၂နှစ် ထပ်တိုး ၅ နှစ် (၂)ကြိမ် ၊ စုစုပေါင်း (၂၂) နှစ် ငှားရမ်းလုပ်ကိုင်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိပါကြောင်း နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပသည့် (၄၇/၂၀၁၄) ကြိမ်မြောက်အစည်းအဝေးမှ Pioneer Asia Myanmar Engineering Limited ၏ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံချက် ပြန်ကြားလာပါသည်။ **နောက်ဆက်တွဲ-က**

(ခ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**မှ ဝန်ဆောင်မှု လုပ်ငန်းစဥ်မှ ထွက်ရှိလာမည့် သံထည်စွန့်ပစ် ပစ္စည်းများအား ပြန်လည် အသုံးပြုမည့် အစီအစဥ်၊ စွန့်ပစ်အရည်နှင့် အစိုင်အခဲများအပြင် ဓာတုပစ္စည်းများပါ အသုံးပြုမည့်ဖြစ်သဖြင့် ကောင်းမွန်သော စွန့်ပစ်ပစ္စည်း သန့်စင်စနစ် ထားရှိရန်နှင့် စွန့်ပစ်အရည်/အစိုင်အခဲ စီမံခန့်ခွဲမှု အစီအမံများ၊ စီမံချက်များရေးဆွဲ ဆောင်ရွက်ရန်၊ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်မည့် လုပ်သားများ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် လုပ်ငန်းခွင်လုံခြုံရေး ကိရိယာများဝတ်ဆင် အသုံးပြုစေရန်နှင့် လုပ်ငန်းခွင်အတွင်း အသုံးပြုမည့် စက်ကိရိယာများအတွက် လုပ်ငန်းခွင် လုံခြုံရေး စီမံချက်များ စနစ်တကျ ရေးဆွဲထားရှိရန်၊ ဝန်ဆောင်မှုလုပ်ငန်းစဥ် အဆင့်ဆင့်မှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည် များအား စနစ်တကျ စွန့်ပစ်မည့် အစီအစဥ်များပါဝင်သည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဥ်၊ စောင့်ကြည့် လေ့လာမည့်အစီအစဥ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများ

အတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan- EMP) ရေးဆွဲတင်ပြရန်၊ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ၊ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်သွားရန် သဘောထားမှတ်ချက် ပြန်ကြားလာပါသည်။ **ကုမ္ပဏီမှ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan- EMP) အစီရင်ခံစာ အား ရေးဆွဲပြီး ပြန်လည် တင်ပြမည်ဖြစ်ကြောင်း တင်ပြထားပါသည်။ နောက်ဆက် တွဲ-ခ**

(ဂ) **စွမ်းအင်ဝန်ကြီးဌာန** မှ Pioneer Asia Myanmar Engineering Limited သည် စွမ်းအင်ဝန်ကြီးဌာနနှင့်ဖက်စပ်ဆောင်ရွက်လျှက်ရှိသော နိုင်ငံခြားရေနံကုမ္ပဏီများ မှ ရေနံတွင်းတူးပိုက်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရန် ခေါ်သည့်တင်ဒါများတွင် ဝင်ရောက်ယှဉ်ပြိုင်နေသော ကုမ္ပဏီ တစ်ခုဖြစ်ပြီး ဝန်ဆောင်မှုလုပ်ငန်း တစ်ခုဖြစ်သောကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း နှင့် ဖက်စပ်လုပ်ကိုင်ရမည့် အခြေအနေမရှိ သော်လည်း အဆိုပါလုပ်ငန်းကို တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် နည်းပညာရရှိရန် အတွက် မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီနှင့် ဖက်စပ် ဆောင်ရွက်ခွင့် ပြုသင့်သော လုပ်ငန်း ဖြစ်ပါကြောင်း အကြောင်းပြန်ကြား လာပါသည်။ **ကုမ္ပဏီမှ မူလ အဆိုပြုချက်တွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဖြင့် အဆိုပြုချက် တင်ပြ လာခြင်းအား ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၉ ရက် နေ့ ရက်စွဲဖြင့် Pioneer Asia International Limited မှ ၉၀% နှင့် မြန်မာနိုင်ငံသား ဦးအောင်မြင့် မှ ၁၀% ထည့်ဝင်၍ Pioneer Asia Myanmar Engineering Limited ဖက်စပ် ကုမ္ပဏီတည်ထောင်ပြီး လုပ်ငန်း ဆောင်ရွက်ရန်အတွက် အဆိုပြုချက်အား ပြန်လည်ပြင်ဆင်တင်ပြ လာပါသည်။**

နောက်ဆက်တွဲ-ဂ

၁၂။ ငွေကြေး အထောက်အထားအဖြစ် Pioneer Asia International Limited သည် စင်္ကာပူနိုင်ငံရှိ Standard Bank ၌ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် နေ့တွင် အမေရိကန်ဒေါ်လာ ၁.၀၅၀ သန်း နှင့် ဒါရိုက်တာ ဦးအောင်မြင့် သည် ကမ္ဘောဇဘဏ် (မင်္ဂလာဈေးဘဏ်ခွဲ-၂) တွင် ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ၊ ၁၉ရက်နေ့တွင် ကျပ် သန်း ၁၀၀ ရှိကြောင်း တင်ပြထားပါသည်။

၁၃။ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်းကမ်းချက်များ ချမှတ်ထားပါကြောင်း၊ ၎င်းစည်းကမ်းချက်များကို ဝန်ထမ်းများအား တိကျစွာ လိုက်နာဆောင်ရွက်ရန်လည်း စီမံထားကြောင်း၊ အရေးပေါ်

ကာကွယ်တားဆီးမှု စီမံချက်များပါဝင်သည့် အစီရင်ခံစာနှင့် အလုပ်သမား ဘေးအန္တရာယ်ကင်းရှင်းရေး စီမံချက်များအား တင်ပြထားပါသည်။

၁၄။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်ချက်များအတိုင်း ဆူညံမှုကာကွယ်ရေးအစီအမံများ၊ စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးရေညစ်များ စွန့်ပစ်မည့် အစီအမံများကို ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ နိုင်ငံတကာ စံချိန်၊ စံညွှန်းနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထောက်အထားများဖြင့် တင်ပြလာပါသည်။

၁၅။ ဝန်ထမ်းများ၏ လုပ်ခမှ လစာဝင်ငွေခွန် ထမ်းဆောင်မည် ဖြစ်ကြောင်း ဝန်ခံကတိပြုစာ၊ Pioneer Asia Myanmar Engineering Limited အနေဖြင့် လုပ်ငန်း လည်ပတ်မှုမှ ရရှိမည်ဟု ခန့်မှန်းထားသည့် အသားတင် အမြတ်ငွေမှ ၂ % ကို ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှု လုပ်ငန်းအစီအစဉ်များတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စက်ရုံဝန်ထမ်းများ သက်သာ ချောင်ချိရေးနှင့် လုပ်ငန်းခွင်သာယာရေးအတွက် စီစဉ်ဆောင်ရွက်ထားမှု တို့ကို တင်ပြထားပါသည်။

၁၆။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုပါရန် တင်ပြထားပါသည်။

၁၇။ အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၄ ဖြင့် ထုတ်ပြန်ထားသည့် စီးပွားရေး လုပ်ငန်း အမျိုးအစား စာရင်းတွင် မပါဝင်သဖြင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ခွင့်ပြုနိုင်သော လုပ်ငန်း အမျိုးအစား ဖြစ်ပါသည်။

၁၈။ အဆိုပြုလုပ်ငန်းအား အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် နေ့တွင် ကျင်းပပြုလုပ် သော ၄၇/၂၀၁၄ အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၁၉။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အဆိုပြုလုပ်ငန်း ပုဂ္ဂလိကမြေတွင် ငှားရမ်းဆောင်ရွက်ခွင့်အား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သော ပြည်ထောင်စု အစိုးရအဖွဲ့ စီးပွားရေးရာ ကော်မတီ (၁/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးမှ ခွင့်ပြုပြီးဖြစ်၍ ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက် တင်ပြထားပါသည်။

၂၀။ **စိစစ်တင်ပြချက်**

(က) ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Alpha ECC (Myanmar) Private Limited တည်ထောင်ပြီး ကမ်းလွန်ရေနံရှာဖွေရေး ပလက်ဖောင်း အစိတ်အပိုင်းများနှင့် စပ်လျဉ်း၍ Fabrication၊ Pre-commissioning နှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းအား ခွင့်ပြုမိန့်အမှတ် ၆၄၇/၂၀၁၃ (၁၆-၁၂-၂၀၁၃)ဖြင့် လည်းကောင်း၊ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Oil Tech (Myanmar) Limited တည်

ထောင်ပြီး ရေနံတွင်းတူးပိုက်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း လုပ်ငန်းအား ခွင့်ပြုမိန့် အမှတ် ၈၂၅/၂၀၁၄ (၂၄-၁၀-၂၀၁၄)ဖြင့် လည်းကောင်း ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

(ခ) အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံတွင်ဆောင်ရွက်နေသော ရေနံတွင်းတူး လုပ်ငန်းများဖြစ်သည့် Up Stream Industry ကို အထောက်အကူပြုပံ့ပိုးမည့် Down Stream Industry လုပ်ငန်းဖြစ်သဖြင့် ပြည်ပမှ တင်သွင်းမည့် စက်ပစ္စည်းများ အတွက် အကောက်ခွန် ကင်းလွတ်ခွင့်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ပြုသင့်ပါကြောင်း စိစစ်တွေ့ရှိပါသည်။

ဆုံးဖြတ်ရန်အချက်

၂၀။ British Virgin Islands မှ Pioneer Asia International Limited သည် ၉၀% နှင့် မြန်မာနိုင်ငံသား ဦးအောင်မြင့်မှ ၁၀% ထည့်ဝင်၍ မြန်မာနိုင်ငံတွင် Pioneer Asia Myanmar Engineering Limited တည်ထောင်ကာ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရေနံတွင်းတူးပိုက် နှင့် ဆက်စပ်ပစ္စည်းများ ပြုပြင်ခြင်း ဝန်ဆောင်မှု လုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ခွင့်ပြုရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
၁။	Pioneer Asia Myanmar Engineering Limited	Pioneer Asia International Limited. (Incorporated in British Virgin Islands) Representative By	
		(၁) Mr. Samuel Dennis Allan Taylor Managing Director British GBR P. P No. 504786060	15 Redwood Avenue,276725, Singapore
		(၂) Mr. Richard Gordon Morrice Director British P. P No. 801594452	18 Macaulay Drive, Aberdeen, United Kingdom
		ဦးအောင်မြင့် ဒါရိုက်တာ မြန်မာ ၁၂/ လမတ (နိုင်) ၀၀၆၅၈၉	အမှတ်-၆/က၊ ပထမထပ်၊ နတ်မောက်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်၊ - ၀၉-၅၀၁၀၉၀၀

၂။ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ - -

၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ရာထူး - ဦးအောင်မြင့်(ဒါရိုက်တာ)

၄။ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ - ရေနံတွင်းတူးပိုက်နှင့်ဆက်စပ်ပစ္စည်းများ ပြုပြင်ခြင်း ဝန်ဆောင်မှု လုပ်ငန်း

၅။ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ - -

၆။ ကုမ္ပဏီမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်နေ့စွဲ - -

၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ် - -

နောက်ဆက်တွဲ (က)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၂ / ၃ - ၆ (၅) / စီးပွား
ရက် စွဲ ၊၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ လ ၁၆ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

အကြောင်းအရာ ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁. ၁၂. ၂၀၁၄ ရက်စွဲပါစာအမှတ်၊ ရက-၅(အ)/ ၀၀၂ / ၂၀၁၄ (၁၀၁)

၁။ United Kingdom နိုင်ငံမှ Pioneer Asia International Limited သည် ၁၀၀% ထည့်ဝင်ပြီး မြန်မာနိုင်ငံတွင် Pioneer Asia Myanmar Engineering Limited တည်ထောင်၍ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်၊ မြေကွက်အမှတ်(၇၇)ရှိမြေ ၈,၆၁၉. ၈၁၂ စတုရန်းမီတာ(၂. ၁၃ ဧက)၌ ရေနံတွင်းတူးပိုက်နှင့် ဆက်စပ်ပစ္စည်းများ ပြုပြင်ခြင်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာခြင်းနှင့်ပတ်သက်၍ ကွင်းဆင်းစိစစ်မှုအရ အောက်ပါအတိုင်း သဘောထားမှတ်ချက် တင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှု ပြုမည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်း မရှိပါ။

(ခ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ပါက ပြည်တွင်းလုပ်သားအင်အား(၃၉)ဦး အလုပ်အကိုင်ရရှိမည်ဖြစ်သောကြောင့် မြို့နယ်ဒေသ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်စေပါသည်။

(ဂ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ရာတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်၊ မြေကွက်အမှတ်(၇၇)ရှိမြေ ၈,၆၁၉. ၈၁၂ စတုရန်းမီတာ(၂. ၁၃ ဧက)အား US$ 6.96 sqm နှုန်းဖြင့် ၁၂နှစ်(ထပ်တိုး ၅ နှစ် (၂)ကြိမ်)၊ စုစုပေါင်း(၂၂)နှစ် ငှားရမ်းလုပ်ကိုင်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါသည်။

(ဃ) လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပြီး အဆိုပြုလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်မည်ဟု တင်ပြထားပါသည်။

၂။ အထက်ဖော်ပြပါ အချက်များကြောင့် (၁၀. ၁၂. ၂၀၁၄) ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၇/၂၀၁၄)၊ ဆုံးဖြတ်ချက်အပိုဒ် (၁၅)အရ Pioneer Asia Myanmar Engineering Limited ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
Pioneer Asia Myanmar Engineering Limited
လက်ခံစာတွဲ
မျှောစာတွဲ

D/2014/Cabinet/47(2)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

NPT-4040
၃၄၊၁၈၊၁၄

စာအမှတ် ၂/၂၂၀(ခ)(၆)/(၃၄၉၆ /၂၀၁၄)
ရက်စွဲ ၂၀၁၄ခုနှစ်၊ဒီဇင်ဘာလ ၂၂ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ <u>သဘောထားမှတ်ချက်ပြန်ကြားခြင်း</u>

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏၂-၁၂-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ရက-၅(အ)/၀၁၂/၂၀၁၄(၁၀၂)

၁။ United Kingdom နိုင်ငံမှ Pioneer Asia International Engineering Limited သည် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Pioneer Asia Myanmar Engineering Limited တည်ထောင်ကာ ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ၊ စက်မှုဇုန်၊ မြေကွက်အမှတ် (၇၇)ရှိ မြေ(၈,၆၁၉.၈၁၂ စတုရန်းမီတာ) (၂.၁၃ ဧက) ၌ ရေနံတွင်းတူးပိုက်နှင့် ဆက်စပ်ပစ္စည်းများ ပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် ကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်။

၂။ စီမံကိန်းအဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံလိုသူ၏ အဆိုပြုချက် ၊ ပတ်ဝန်းကျင် ထိခိုက်မှုအတွက် လျော့ချမည့်နည်းလမ်းများ၊ကုန်ကြမ်းပစ္စည်းစာရင်း၊ ဝန်ထမ်းအင်အားစာရင်း၊ လုပ်ငန်းခွင်သာယာရေးနှင့်ဝန်ထမ်းသက်သာချောင်ချိရေးစီမံချက် ၊ ဘဏ္ဍာရေးနှင့်ပတ်သက်၍ တွက်ချက်ထားမှုများ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက်တို့ ပူးတွဲပါရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

၃။ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း နှင့်ပတ်သက်၍ Machine shop အလုပ်ရုံတွင် စတီးများ ဖြတ်တောက်ရာမှ တစ်လလျှင် စွန့်ပစ်ပစ္စည်း (၂)တန်ခန့် နှင့် စွန့်ပစ်အရည်နှင့် အဆီများ ထွက်ရှိလာမည်ဖြစ်ကြောင်း၊ ဆူညံသံများကြောင့် ပတ်ဝန်ကျင်ထိခိုက်မှုရှိနိုင်ကြောင်း၊ Welding and Fabrication Shop အလုပ်ရုံတွင် ဝရိန်ဆော်ရာမှ ထွက်ရှိလာမည့် Arc flash များ၊ သံအတိုအစများ၊ အမှုန်များနှင့် ဆူညံသံများကြောင့် ပတ်ဝန်ကျင်ထိခိုက်မှု ရှိနိုင်ကြောင်း နှင့်လျော့ချမည့် နည်းလမ်းများအား ဖော်ပြထားပါသည်။

၄။ Pioneer Asia Myanmar Engineering Limited မှ ရေနံတွင်းတူးပိုက် နှင့် ဆက်စပ်ပစ္စည်းများပြုပြင်ခြင်း ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ရာတွင် တစ်နှစ်လျှင် ကုန်ကြမ်းပစ္စည်းအမျိုးအစား (၇၀၀)ကျော်ခန့် တင်သွင်းအသုံးပြုမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှ လုပ်သား(၃၉)ဦး

နှင့် ပြည်ပမှကျွမ်းကျင်ပညာရှင် (၁၄) ဦး အသုံးပြုမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကာလ မှာ (၁၂) နှစ်နှင့် (၅)နှစ်နှစ်ကြိမ် သက်တမ်းတိုး ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပြီး ပြုပြင်ခြင်း နှင့် ဝန်ဆောင်မှုလုပ်ငန်းစဉ် နှင့် လုပ်ငန်းခွင် လုံခြုံရေးစီမံချက် အသေးစိတ်တို့အား ဖော်ပြ ထားခြင်း မရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

၅။ ရေနံတွင်းတူးပိုက် နှင့် ဆက်စပ်ပစ္စည်းများ ပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက် ရာတွင် သံထည်ပစ္စည်းများ နှင့် ဓာတုဆေးရည်များ သုံးစွဲမည်ဖြစ်သဖြင့် ထွက်ရှိလာမည့် စွန့်ပစ် ပစ္စည်းများအား စနစ်တကျ စွန့်ပစ်မှုမရှိပါက ရေရှည်တွင် ပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှု ဖြစ်ပေါ်နိုင်ခြင်း ၊ အဆောက်အဦများ ဆောက်လုပ်စဉ် နှင့် လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိ လာမည့် အမှိုက်များအတွက် ကောင်းမွန်သော စွန့်ပစ်စနစ် နှင့် သန့်စင်စနစ်များ ဆောင်ရွက် ထားရှိခြင်းမရှိပါက ပတ်ဝန်းကျင်ထိခိုက်မှုပြဿနာများ ဖြစ်ပေါ်နိုင်သည်ကို စိစစ်တွေ့ရှိရပါသည်။

၆။ သို့ဖြစ်ပါ၍ United Kingdom နိုင်ငံမှ Pioneer Asia International Engineering Limited သည် ရာနိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Pioneer Asia Myanmar Engineering Limited တည်ထောင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ၊ စက်မှုဇုန် ၊ မြေကွက်အမှတ် (၇၇)ရှိ မြေ (၈,၆၁၉.၈၁၂ စတုရန်းမီတာ) (၂.၁၃ဧက) ၌ ရေနံ တွင်းတူးပိုက်နှင့် ဆက်စပ်ပစ္စည်းများ ပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် ကိစ္စ နှင့်ပတ်သက်၍ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထား မှတ်ချက် ပြန်ကြားအပ်ပါသည်-

(က) ဝန်ဆောင်မှုလုပ်ငန်းစဉ်မှထွက်ရှိလာမည့် သံထည်စွန့်ပစ်ပစ္စည်းများအား ပြန်လည် အသုံးပြုမည့်အစီအစဉ်၊ စွန့်ပစ်အရည်နှင့်အစိုင်အခဲများအပြင် ဓာတုပစ္စည်းများပါ အသုံးပြုမည် ဖြစ်သဖြင့် ကောင်းမွန်သော စွန့်ပစ်ပစ္စည်း သန့်စင်စနစ် ထားရှိ ရန်နှင့် စွန့်ပစ်အရည် / အစိုင်အခဲ စီမံခန့်ခွဲမှုအစီအမံများ ၊ စီမံချက်များ ရေးဆွဲ ဆောင်ရွက်ရန်၊

(ခ) ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်မည့် လုပ်သားများ ဘေးအန္တရာယ် ကင်းရှင်း စေရေးအတွက် လုပ်ငန်းခွင် လုံခြုံရေး ကိရိယာများ ဝတ်ဆင်အသုံးပြုစေရန်နှင့် လုပ်ငန်းခွင်အတွင်း အသုံးပြုမည့် စက်ကိရိယာများအတွက် လုပ်ငန်းခွင် လုံခြုံရေး စီမံချက်များ စနစ်တကျ ရေးဆွဲထားရှိရန်၊

(ဂ) ဝန်ဆောင်မှုလုပ်ငန်းစဉ် အဆင့်ဆင့်မှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည် များအား စနစ်တကျ စွန့်ပစ်မည့် အစီအစဉ်များ ပါဝင်သည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ် ၊ စောင့်ကြည့်လေ့လာမည့် အစီအစဉ် ၊ ပတ်ဝန်းကျင် ထိခိုက်မှု

လျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေ စသည်တို့ ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ရေးဆွဲတင်ပြရန်၊

(ဃ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၊ နည်းဥပဒေ ၊ လုပ်ထုံးလုပ်နည်းများ ၊ ညွှန်ကြားချက်များ ၊ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(င) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားများရယူဆောင်ရွက်ရန်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(မြို့ညွှန် ၊ ရုံး အ ဖွဲ့ မှူး)

မိတ္တူ။ -ညွှန်ကြားရေးမှူးချုပ် ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
-ညွှန်ကြားရေးမှူးချုပ် ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
-ညွှန်ကြားရေးမှူးချုပ် ၊ သစ်တောဦးစီးဌာန

နောက်ဆက်တွဲ (ဂ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန

စာအမှတ်၊ ညမ / MIC / ၈([illegible])
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်

NPT- 0135
7-1-2015

M4-12
၈.၁.၂၀၁၅

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂-၁၂-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ရက-၅ (အ)/၀၁၂/၂၀၁၄ (၁၀၄)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ United Kingdom နိုင်ငံမှ Pioneer Asia International Limited သည် ၁၀၀% ထည့်ဝင်ပြီး မြန်မာနိုင်ငံတွင် Pioneer Asia Myanmar Engineering Limited တည်ထောင်၍ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၊ စက်မှုဇုန်၊ မြေကွက်အမှတ်(၇၇)ရှိ မြေ ၈,၆၁၉.၈၁၂ ပတုရန်းမီတာ(၂.၁၃ ဧက)၌ ရေနံတွင်းတူးပိုက်နှင့် ဆက်စပ်ပစ္စည်းများပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အား ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းချက်ပါစာဖြင့် တောင်းခံလာပါသည်။

၂။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ Pioneer Asia Myanmar Engineering Limited သည် စွမ်းအင်ဝန်ကြီးဌာနနှင့် ဖက်စပ်ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားရေနံကုမ္ပဏီများမှ ရေနံတွင်းတူးပိုက်နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူရန် ခေါ်သည့်တင်ဒါများတွင် ဝင်ရောက်ယှဉ်ပြိုင်နေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သောကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဖက်စပ်လုပ်ကိုင်ရမည့် အခြေအနေမရှိသော်လည်း အဆိုပါလုပ်ငန်းကို တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် နည်းပညာရရှိရန်အတွက် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီနှင့် ဖက်စပ်ဆောင်ရွက်ခွင့်ပြုသင့်သော လုပ်ငန်းဖြစ်ပါကြောင်း အကြောင်းပြန်ကြားအပ်ပါသည်။

ဒုတိယဝန်ကြီး(ကိုယ်စား)
(ဖေဇင်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

ဦးဆောင်ညွှန်ကြားရေးမှူး

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

Pioneer Asia Myanmar Engineering Limited

ရုံးလက်ခံ

မျှော